# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၈၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေးမကောင်းတဲ့အတွက် ခွင့်တစ်ရက်။ ဦးထွန်းဇော် (ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ရှိပါသဖြင့်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ညီဖြစ်သူနေမကောင်း။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ မိသားစုအရေးကိစ္စ ဆောင်ရွက်ပေးရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ မြန်မာ့ရုပ်မြင်သံကြား ရုပ်သံလှိုင်းတိုးချဲ့ဖွင့်ပွဲ တက်ရောက်ရန်။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ရုပ်သံလှိုင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနား တက်ရောက်ရန်။ ဥက္ကဋ္ဌကြီး၊ ဦးခင်အောင်မြင့်၊ နေမကောင်းပါသဖြင့် စုစုပေါင်း ကျွန်တော်တို့ ဒီကနေ့ ခွင့်တိုင်ကြားသူ(၁၁)ယောက် ရှိပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၅)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများဖွဲ့စည်းခွင့်ပြုရန်နှင့် အသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၂၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၆-၆-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ် လွှတ်တော်များ အကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ယခု ဆက်လက်ဖွဲ့စည်းမည့် အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား လွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ဖွဲ့စည်းခွင့်ပြုရန်အတွက် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

ဒါ့ကြောင့် -

- အမျိုးသားလွှတ်တော်ဘရူနိုင်း-မြန်မာလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် အင်ဒိုနီးရှား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်း၊
- အမျိုးသားလွှတ်တော် ဖိလစ်ပိုင်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော်စင်ကာပူ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မလေးရှား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် တရုတ်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော်ကိုရီးယား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား လွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည်ဖြစ်ပါကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား လွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများတွင် ပါဝင်မည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများမှာ ပါဝင်တဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယား လွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

[အမျိုးသားလွှတ်တော်နှင့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ကိုရီးယားလွှတ်တော်များအကြား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို **နောက်ဆက်တွဲ** ဖြင့် ဖော်ပြအပ်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံ + ၃ နိုင်ငံများနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းဖွဲ့စည်းရာတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၂၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်တွင်ဖွဲ့စည်းမည့် အာဆီယံ + ၃ နိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်း ဖွဲ့စည်းရာတွင်ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။ အသင်းတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံ+၃ နိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးပူးပေါင်းအသင်းတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းမည့် အာဆီယံ+၃ နိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

[ပြည်ထောင်စုလွှတ်တော်တွင်ဖွဲ့စည်းမည့် အာဆီယံ+၃နိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး ပူးပေါင်းအသင်းများ ဖွဲ့စည်းရာတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို **နောက်ဆက်တွဲ** ဖြင့် ဖော်ပြပါသည်။]

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**အောင်လံ - ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း- သမ္ဘူလ၊ ကျောက်ပန်းတောင်း - မြို့လှ - ရွှေပန်းတောကားလမ်းတို့ကို လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြေနီကျောက်ချောလမ်း အဖြစ် အပြီးအပြတ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က အောင်လံ-ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း-သမ္ဘူလ၊ ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတော ကားလမ်းတို့ကို လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြေနီကျောက်ချောလမ်းအဖြစ် အပြီးအပြတ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ မေးခွန်း မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ အောင်လံ-ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း-သမ္ဘူလ၊ ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတော ကားလမ်းများအား ဆက်လက်မွမ်းမံ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်မှ အောင်လံ-ကျောက်ပန်းတောင်း၊ သမ္ဘူလလမ်းပိုင်း (၂၄)မိုင် နဲ့ ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတောလမ်းပိုင်း(၁၃)မိုင် စုစုပေါင်းလမ်းအရှည်(၃၇)မိုင် ရှိပါတယ်။ ဒီလမ်းမကြီးဟာ အောင်လံအရှေ့ခြမ်းကျေးရွာ(၁၈၉)ရွာရှိ ပြည်သူလူထု(၁၁၈၅၀၂)ဦးအား အကျိုးပြု လျက်ရှိတဲ့ အဓိကကျေးလက်လမ်းမကြီး ဖြစ်ပါတယ်။ ဤအဓိကကျေးလက်လမ်းမကြီးအား မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ခေတ်အဆက်ဆက်တွင် ထိရောက်စွာ ပြုပြင်ပေးခဲ့ခြင်း လုံးဝမရှိခဲ့ပါ။ လမ်းပိုင်အမည်ခံထားသော အဖွဲ့အစည်းများကလည်း လမ်းပိုင်သာ အမည်ခံထားသော်လည်း မည်သည့်နေရာတွင်မှ ထင်သာမြင်သာ ပြင်ဆင်ပေးခဲ့ခြင်း မရှိပါ။ ခွင့်ပြုငွေအချို့ ရရှိခဲ့သော်လည်း ဆင်ပါးစပ် နှမ်းပက် ဆိုသကဲ့သို့ ဘယ်နေရာမှ သတ်သတ်မှတ်မှတ် ပြုပြင်ပေးခြင်း မရှိခဲ့သဖြင့် လမ်းအခြေအနေမှာ တဖြည်းဖြည်းဆိုးရွားလာကာ ကျောက်လမ်းပျောက်၍ မြေသားလမ်း၊ ရွှံ့ဗွက်လမ်း များအသွင်သို့ ရောက်ရှိလာခဲ့ပါတယ်။

တံတားများမှာလည်း ထိုနည်းအတူပဲဖြစ်ပါတယ်။ ထမကန်ကျေးရွာနဲ့ ကိုးပင်ကျေးရွာ အကြား ခရစ်ချောင်းတံတားနှင့် ကျောက်ဖြူတံတားတို့ ပျက်စီးနေသည်မှာ နှစ်ပေါင်း(၄၀)ကျော်ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ ပြုပြင်မွမ်းမံပေးနိုင်ခြင်း မရှိသေးပါ။ မြို့လှရွာနဲ့ ရွှေပန်းတော ကျေးရွာအကြား ကားများ သွားလာ၍ မရတော့သည်မှာ အချိန်အတော်ကြာပြီ ဖြစ်ပါတယ်။ ပြည်သူ များ၏ တင်ပြချက်အရ လွှတ်တော်ကိုယ်စားလှယ်များလည်း ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ပါတယ်။

အထက်ဖော်ပြပါ အခြေအနေများအရ ထိရောက်စွာ ပြုပြင်မွမ်းမံပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း မှ

ကြယ်ပွင့်မပြမေးခွန်းဖြင့် အမျိုးသားလွှတ်တော်သို့ တင်ပြမေးမြန်းခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ မှာ ကတ္တရာလမ်း (၆)မိုင် (၄)ဖာလုံ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူအများကလည်း နိုင်ငံတော်အပေါ် ကျေးဇူးများစွာတင်နေကြပြီး ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက် ရှိကြပါတယ်။

ယခု ခင်းပေးပြီးတဲ့ ကတ္တရာလမ်းဟာ အောင်လံ-ကျောက်ပန်းတောင်းအကြား ထက်ဝက်ဖြစ်တဲ့ ရေပေါ်ကျေးရွာ ဒေသအခေါ် တဲကုန်းအထိပဲ ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းအထိ ဆိုရင် တစ်ပိုင်းတစ်စ ဖြစ်နေပါတယ်။ ကျေးလက်ပြည်သူအများက ဤအဓိက ကျေးလက်လမ်းမကြီး၏ အလယ်ဗဟို ဖြစ်သော ကျောက်ပန်းတောင်းကျေးရွာအထိ ကတ္တရာလမ်းခင်းပေးစေလိုတဲ့ ဆန္ဒတွေရှိနေကြပါတယ်။

ကျောက်ပန်းတောင်းကျေးရွာဟာ အောင်လံ-ကျောက်ပန်းတောင်း၊ သမ္ဘူလ-ကျောက်ပန်းတောင်း၊ ရွှေပန်းတော-ကျောက်ပန်းတောင်းလမ်း၊ (၃)လမ်းဆုံရာ ဆုံချက်အရပ်ဖြစ်နေခြင်း၊ ကျောက်ပန်းတောင်းကျေးရွာ၌ မကြာမီ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်တော့မည်ဖြစ်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ရှိနေခြင်း၊ ရဲစခန်း ရှိနေခြင်း၊ သစ်ထုတ်လုပ်ရေးစခန်းများ ရှိနေခြင်း၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များတွင် မြို့သို့ အမြန်ရောက်ရှိရန် လိုအပ်လျက်ရှိခြင်း စသည့်အချက်များကြောင့် အထက်တင်ပြပါ ကျေးလက်ပြည်သူတို့၏ဆန္ဒအတိုင်း နိုင်ငံတော်မှ ဆက်လက်ဆောင်ရွက်ပေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က)အောင်လံ-ကျောက်ပန်းတောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းမှာ တစ်ပိုင်းတစ်စဖြစ်နေပါ၍ လက်ရှိခင်းပြီးသော ရေပေါ်တဲကုန်းနေရာမှ ကျောက်ပန်းတောင်းကျေးရွာအထိ ကျန်အရှည်(၆)မိုင် (၄)ဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ။ (ခ) မြေနီကျောက်ချောလမ်း အဖြစ် လက်ရှိဆောင်ရွက်ပြီးနေရာ သံချိတ်ကျေးရွာအလွန်မှ သမ္ဘူလကျေးရွာ အထိလည်းကောင်း၊ လုံးဝ မဆောင်ရွက်ရသေးသော ကျောက်ပန်းတောင်း-မြို့လှ-ရွှေပန်းတော ကားလမ်းကိုလည်းကောင်း လာမည့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြေနီကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၄။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်

ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး၊ ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဋင်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းကို စုစုပေါင်း လမ်းအရှည်(၂၄)မိုင် ရှိပြီးတော့ အဆိုပါလမ်းရဲ့ (၇)ဖာလုံမှာ မူလကတ္တရာလမ်း ဖြစ်ပါတယ်။ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃၊ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း (၆)မိုင် (၄)ဖာလုံ၊ ကျောက်ချောလမ်း (၆)မိုင် (၄)ဖာလုံကို ကုန်ကျငွေကျပ်သန်း(၇၆၅.၁၆၇)ဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ပြီး ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၃-၂၀၁၄၊ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း(၂၆)မိုင်၊ ခန့်မှန်းကုန်ကျငွေ (၂၀၃.၄၇၃)ဖြင့် ဆောင်ရွက်ရန် လျာထားပြီးတော့ ဖြည့်စွက်ရန်ပုံငွေ လျာထား ချက်တွင် ပါဝင်ခြင်း မရှိသေးပါကြောင်းနဲ့ ၂၀၁၄-၂၀၁၅၊ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း (၂)မိုင်၊ မြေသားလမ်း(၅)မိုင် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၁၃၈.၁၁)ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို တင်ပြထားပြီး ဖြစ်ပါတယ်။

အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းနဲ့ ကျောက်ပန်းတောင်း-ရွှေပန်းတောလမ်း (၂)လမ်းရဲ့ စုစုပေါင်းအရှည်မှာ (၃၇)မိုင် ဖြစ်ပါတယ်။ ကတ္တရာလမ်းနဲ့ ကျောက်ချောလမ်း စုစုပေါင်း ဆောင်ရွက်ပြီးစီးမှုမှာ (၁၃)မိုင်နဲ့ (၇)ဖာလုံ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြေနီကျောက်ချောလမ်း ဆောင်ရွက်နိုင်ရန် (၂၃)မိုင်(၁)ဖာလုံ ကျန်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်များတွင် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းများ လျာထားဆောင်ရွက် လျက်ရှိရာ အဆိုပါလမ်းမှာ လမ်းမိုင်ရှည်လျားတဲ့အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်း မြေနီကျောက်ချောလမ်းအဖြစ် အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သုံးဆယ်မြို့အရှေ့၊ ကျေးလူးရွာနှင့် သရက်ဖြူကန်ရွာ ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ပျက်စီးနေသည့် ကျားကိုက်ချောင်းတံတားနှင့် ရေထုတ်ပွင့် (၄)ခုအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က သုံးဆယ်မြို့အရှေ့၊ ကျေးလူးရွာနှင့် သရက်ဖြူကန်ရွာ ကျေးရွာချင်းဆက်လမ်းမ ပေါ်ရှိ ပျက်စီးနေ သည့် ကျားကိုက်ချောင်း တံတားနှင့် ရေထုတ်ပွင့်(၄)ခုအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)က လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ခုလို မေးမြန်းခွင့်ရတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ ဇူလိုင်လကတည်းက တင်ထားတာလည်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့ အရှေ့ဘက်က သုံးဆယ်-တောင်ညိုလမ်းမှာရှိတဲ့ ကျေးလူးရွာကနေ ခွဲထွက်သွားတဲ့ ကျေးလူး-သရက်ဖြူကန်ရွာရွာချင်းဆက်လမ်းဟာ ရွာပေါင်း(၁၁)ရွာ အထူးအားထားနေရတဲ့ (၃)မိုင်(၂)ဖာလုံ ရှည်ပြီးတော့ အကျယ်(၁၂)ပေရှိတဲ့ မြေသားလမ်း ဖြစ်ပါတယ်ခင်ဗျား။ လမ်းပေါ်မှာ တံတား(၂)စင်း ရှိပါတယ်။ အဲဒီအထဲက ကျားကိုက်ချောင်းတံတားဟာ အရှည်ပေ(၂၀) အကျယ်(၁၅)ပေရှိပြီးတော့ လုံးဝနီးပါး ပျက်စီးနေတဲ့အပြင်၊ လမ်းပေါ်က ရေထုတ်ပြွန်(၄)ခုဟာလည်းပဲ ပျက်စီးနေပါတယ်။ တချို့လမ်းပိုင်းတွေဟာလည်း လယ်ကွက်ထက်တောင် နိမ့်ပြီးတော့ ဆိုးဆိုးဝါးဝါး ပျက်စီးနေတာ ကျွန်တော် ကွင်းဆင်းတဲ့အခါမှာ တွေ့ခဲ့ရပါတယ်။

ဒါကြောင့်မို့ ပြင်ဆင်ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ လာမယ့် ဘတ်ဂျက်နှစ်မှာ ပြင်ပေးမယ်ဆိုရင် ပြည်သူလူထုတွေက အလွန်ပဲဝမ်းမြောက်ဝမ်းသာ ဖြစ်မယ်ဆိုတဲ့အကြောင်း ဒီမေးခွန်းကို ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၀။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ၏ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းချက်အပေါ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျေးလူး-သရက်ဖြူကန်လမ်းဟာ ခုနက

တင်ပြသလိုပဲ (၃)မိုင်နဲ့ (၂)ဖာလုံ ရှည်လျားပြီးတော့ အကျယ်က(၈)ပေ ခန့်ရှိပြီးတော့ မြေသား လမ်းဖြစ်ပါတယ်။ အဲဒီလမ်းပေါ်မှာလည်း ကျားကိုက်ချောင်းဟာ သစ်သားတံတားဖြစ်ပြီးတော့ ဒီ သစ်သားတံတားကို ကျေးရွာ(၁၁)ရွာနဲ့ လူဦးရေ (၄၉၃၃)ဦးအား အကျိုးပြုတဲ့လမ်းလည်း ဖြစ်ပါတယ်။ အဆိုပါ လမ်းပေါ်မှာရှိတဲ့ ရေပြွန်(၄)ခုအနက်က (၂)ခုကတော့ ဆည်ရေသောက် တူးမြောင်းပေါ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ တည်ဆောက်ပြီး ကျန်တဲ့(၂)ခုကတော့ လမ်းရဲ့ လိုအပ်ချက် အရထည့်သွင်း တည်ဆောက်ထားတာ ဖြစ်ပါတယ်။ အဲဒီရေထုတ်ပြွန်တွေကို ၂၀၁၃-၂၀၁၄ ခုနှစ်မှာ နွေစပါး ရေပေးချိန်မတိုင်မီ အပြီးပြုပြင်သွားမှာ ဖြစ်တဲ့အကြောင်းလည်း လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်း ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပြီး၊ ကျွန်တော်တို့ဆီကို အကြောင်းကြားပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် မို့လို့ ကျေးလူး-သရက်ဖြူကန်လမ်း အရှည်(၃)မိုင်နဲ့ (၂)ဖာလုံ မြေသားလမ်းကို ကျွန်တော်တို့ တိုးချဲ့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ်သန်း(၂၀)၊ ဂဝံလမ်းခင်းမယ်ဆိုရင် (၈၄.၈)သန်း၊ ကျားကိုက် ချောင်း အုတ်ခုံခံသစ်သားတံတားကို ပြန်ဆောက်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ (၃.၂)သန်း၊ စုစုပေါင်း(၁၀၈) သန်း လောက် ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ် ခင်ဗျား။

အဲဒီတော့ သာယာဝတီမြို့နယ်အတွင်းမှာ ကျွန်တော်တင်ပြချင်တာကတော့ ယခုနှစ်ပေါ့လေ၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက နေပြီးတော့ ဒီ ၂၀၁၃-၁၄ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျာထားတဲ့ငွေကတော့ စုစုပေါင်းသန်း(၄၃၁.၅၇)သန်း ဖြစ်ပါတယ်။ အဲဒီဟာနဲ့ ဘာတွေဆောက်မှာလဲဆိုလိုရှိရင်၊ ဖောက်မှာလဲဆိုရင် ကျွန်တော်တို့ ကျောင်းစု-လှည်းကူး လမ်းနဲ့ ပန်းဆွဲ-တောင်ညိုလမ်း ဒါကို ကျောက်ချောခင်းဖို့ ဖြစ်ပါတယ်။ နောက်တစ်ခါ လှည်းကူးလမ်း၊ နောက်တစ်ခါ ငဖြူကလေး-တောင်ဘို့ရှည်လမ်း မြေသားလမ်း ဖောက်လုပ်ဖို့ ဖြစ်ပါတယ်။ အင်းရွာ- သခင်ပျော့လမ်း ဂဝံခင်းပေးမှာ ဖြစ်ပါတယ်။ သာယာဝတီ-လှည်းကူးလမ်းနဲ့ အခြားလမ်းများပေါ်မှာ တံတားနဲ့ရေပြွန်(၁၀)စင်း ဆောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ တစ်ဖန် ကျွန်တော်တို့ RE မှာလည်း ၂၀၁၃-၁၄ ပေါ့၊ ယခုနှစ် ဖြည့်စွက်ရန်ပုံငွေမှာလည်း (၃၉၉.၇၈)သန်း၊ အဲဒါကတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမှာတော့ ကျွဲသိုက်-အင်းရွာလမ်း၊ ကတ္တရာထပ်ပိုးဖို့ ခင်းပေးမှာ ဖြစ်ပါတယ်။ အင်းရွာ- သခင်ပျော့လမ်း၊ ကျောက်ချောခင်းပေးမှာ ဖြစ်ပါတယ်။ အဲဒီဟာတွေ ဆောင်ရွက်ပေးပြီးတော့ ဒီ(၂)ခု ပေါင်းဆိုရင် စုစုပေါင်းသန်း(၈၀၀)ခန့်ရှိမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျားကိုက်ချောင်းကူးတံတား တည်ဆောက်ခြင်းနဲ့ ကျေးလူး-သရက်ဖြူကန်လမ်း အမာခံခင်းခြင်း လုပ်ငန်းကိုတော့ လောလောဆယ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်ခင်ဗျား။

**ထင်းရှူးပင်၊ ထင်းရှူးစိုက်ခင်း၊ ထင်းရှူးတောများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် မည်ကဲ့သို့ဆောင်ရွက် ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် က ထင်းရှူးပင်၊ ထင်းရှူးစိုက်ခင်း၊ ထင်းရှူးတောများ ထိန်းသိမ်းစောင့်ရှောက်ရာတွင် မည်ကဲ့သို့ ဆောင်ရွက် ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးရှုမောင် မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဒုတိယဝန်ကြီးများနဲ့ အထူး ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီ ထင်းရှူးပင်၊ ထင်းရှူးစိုက်ခင်း၊ ထင်းရှူးတောများ ထိန်းသိမ်းစောင့်ရှောက်ရာမှာ ဘယ်လိုဆောင်ရွက်ထားတာကို သိရှိလိုတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထင်းရှူးပင်ဟာ မြင့်မားတဲ့တောင်တန်းတွေ၊ တောတောင်တွေ ရှိတဲ့ ကျွန်တော်တို့ ကချင်၊ ချင်း၊ ရှမ်း၊ ကယားစတဲ့ ပြည်နယ်တွေမှာ အနှံ့အပြား ပေါက်ရောက်နေတာ လေ့လာတွေ့ရှိရပါတယ်။ မျိုးစိတ်ပေါင်းလည်း များစွာရှိပေမယ့် လူအများကတော့ ထင်းရှူးပင်လို့ပဲ လွယ်လွယ်ကူကူ မှတ်သားထားကြပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ အနေနဲ့လည်းပဲ နိုင်ငံတော်ရဲ့ ရတနာတန်းဝင် သစ်တစ်မျိုးအဖြစ် သတ်မှတ်ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားကြောင်းလည်း ကျွန်တော် မှတ်သားထားရှိခဲ့ပါတယ်။ ယခင်ကာလများက ထင်းရှူးဆီ ထုတ်လုပ်တာကို ဒေသတွင်း စက်မှုလုပ်ငန်းအနေနဲ့ ဟားခါးနဲ့ ကလေးမြို့မှာ ဒါ ဒေသပိုင် စက်ရုံလေး လည်ပတ်ဆောင်ရွက်ခဲ့ပေမယ့် ဒီ စက်မှုလုပ်ငန်းရပ်ဆိုင်းခဲ့တာ (၁၀)စုနှစ်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ထင်းရှူးပင်ပေါတဲ့ မြို့၊ ထင်းရှူးတောများ ဖုံးလွှမ်းဝန်းရံနေတဲ့ မြို့တွေဆိုရင် ထင်းရှူးပင်ကို ကိုယ်စားပြုတဲ့ မြို့အဖြစ် ဂုဏ်ယူစွာ ခေါ်ဝေါ်ကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာ - ကလောမြို့ဆိုရင် ထင်းရှူးမြို့တော်၊ Pine Land လို့ ကင်ပွန်းတပ်အမည်သညာ ပြုထားတာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ထင်းရှူးပင်ဟာ နှစ်ရှည်သစ်ပင်တစ်မျိုးဖြစ်ပြီးတော့ နှစ်ပေါင်း(၄၀၀)ကျော်အထိ အသက်ရှိကြောင်း ဖတ်မှတ်လေ့လာခဲ့ဖူးပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ဆိုရင် ကလော၊ တောင်ကြီး၊ လဲချား၊ ပင်လုံ၊ လွိုင်လင်၊ မိုင်းနောင်၊ မိုင်းရှူး၊ မိုင်းကိုင်မြို့နယ်များမှာလည်းကောင်း၊ မိုင်းတုန်၊ တာဆန်းဒေသ များမှာလည်းကောင်း အများအပြားပေါက်ရောက်တာ တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်အစိုးရ အနေနဲ့လည်းပဲ စိုက်ခင်းများ စိုက်ခဲ့သလို၊ ပုဂ္ဂလိက၊ ဘုန်းတော်ကြီးများကလည်း စိုက်ပျိုးထားတာ တွေ့ရှိခဲ့ပြီး၊ ဟဲဟိုးပတ်ဝန်းကျင်၊ ပင်းတယပတ်ဝန်းကျင်မှာ ထင်ရှားစွာ တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်ဟာ ထင်းရှူးပင်၊ ထင်းရှူးဆီထုတ်လုပ်တဲ့ ပုဂ္ဂလိကလုပ်ငန်းများကိုလည်းပဲ ဒါ ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းတားဆီးနေတာလည်း ကျွန်တော်တို့ ကြားသိတွေ့မြင်နေရပါတယ်။

သို့သော်လည်းပဲ လွန်ခဲ့တဲ့ (၄)၊(၅)နှစ်ကစပြီးတော့ ထင်းရှူးတော၊ ထင်းရှူးတောင်အချို့ကို အခိုင်အမာ သံဆူးကြိုးများကာရံပြီး အပန်းဖြေစခန်းပုံစံမျိုး နေအိမ်များဆောက်လုပ်ခြင်း၊ ဝင်/ထွက်လမ်းများဖောက်လုပ်ခြင်း၊ ပန်းခြံများ၊ ထင်းရှူးပင်များရှိရာမှာ တည်ဆောက်ခြင်းများကြောင့် ထင်းရှူးပင်တချို့ ခုတ်လှဲထားတာ ကျွန်တော်တို့ တွေ့မြင်ခဲ့ရပါတယ်။ အထူးသဖြင့် အောင်ပန်းမြို့ အဝင်/

အထွက်၊ ကလောမြို့ အဝင်/အထွက်များမှာ ထင်းရှူးတော၊ ထင်းရှူးတောင်များကို သွပ်ဆူးကြိုး၊ ခြံစည်းရိုးများနဲ့ အခိုင်အခန့်ကာရံပြီး ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်မှုများအဖြစ် တွေ့မြင်တာတွေ့ရှိပါတယ်။ ဒေသခံ တောင်သူ၊ တောသူ၊ တောင်သားများ ထိန်းသိမ်းစောင့်ရှောက်မှု မဟုတ်ဘဲ ငွေကြေးချမ်းသာကြွယ်ဝသူများဖြစ်ကြောင်း ကြားသိခဲ့ရပါတယ်။ အမှန်တကယ် ယခုလို ဆောင်ရွက်ခွင့်ပြုတယ်ဆိုရင် ဒေသခံများနဲ့ ထင်သာမြင်သာရှိအောင် ထုတ်ပြန်ပြောကြားဖို့လိုတယ်လို့ ကျွန်တော်တို့ သုံးသပ်ရပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ ဒီအခြေအနေကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုတဲ့အကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဒါကြောင့် ထင်းရှူးပင်၊ ထင်းရှူးတောတွေ၊ ထင်းရှူးစိုက်ခင်းတွေနဲ့ ပတ်သက်လို့ ပုဂ္ဂလိကပိုင်အဖြစ်၊ ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်မှုအဖြစ် ပေးတဲ့အခါမှာ နယ်မြေမှာ ကြားရတဲ့ သတင်းအရ(၁)ဧကလျှင် (၁)နှစ်ကို ကျပ်(၁၀၀) အခွန်ပေးဆောင်ရကြောင်း သိရှိရတဲ့အတွက်ကြောင့် ဒီ ထင်းရှူးတော၊ ထင်းရှူးပင်၊ ထင်းရှူးစိုက်ခင်းများနဲ့ ပတ်သက်လို့ ဘယ်လိုထိန်းသိမ်း ဆောင်ရွက်ခဲ့မှုများ ပြုခဲ့သည်ကို သိရှိလိုတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၁။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရှုမောင် ရဲ့ ထင်းရှူးပင်၊ ထင်းရှူးစိုက်ခင်း၊ ထင်းရှူး တောများထိန်းသိမ်းစောင့်ရှောက်ရာမှာ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ထူးခြားကွဲပြားလှတဲ့ ပထဝီအခြေအနေ၊ ရေမြေရာသီဥတု အပေါ်မှာ မူတည်ပြီးတော့မှ အဖိုးတန်သစ်မျိုး အပါအဝင် သစ်မျိုးစုံများ ပေါက်ရောက်သလို ဇီဝမျိုးစုံ၊ မျိုးကွဲများပေါကြွယ်ဝတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲဒီအထဲမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ထင်းရှူးသစ်မျိုးဟာလည်း အပါအဝင် ဖြစ်ပါတယ်။ ဒါနဲ့ဆက်လက်ပြီး ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ထင်းရှူးပင်များ ပေါက်ရောက်မှု၊ ပြုစုထိန်းသိမ်းကာကွယ်မှု၊ ထင်းရှူးစိုက်ခင်းများတည်ထောင်မှု အခြေအနေများကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ထင်းရှူးပင်များဟာ တောင်ပေါ်ဒေသရဲ့ အထိမ်းအမှတ် သင်္ကေတတစ်ခုဖြစ်သလို အသုံးပြုရေးသာမက အလှအပနဲ့ ပသာဒအတွက်လည်း အလေးထား ထိန်းသိမ်းစောင့်ရှောက်ကြရပါတယ်။ ထင်းရှူးတောများကို ပျမ်းမျှ

ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ(၃၀၀၀)အထက်မှာ တွေ့ရှိရတဲ့ တောင်ကုန်းပြင်မြင့်မှာ အထူးသဖြင့် ပေါက်ရောက်လေ့ရှိပါတယ်။ ပေါက်ရောက်တဲ့အခါမှာလည်း အစုလိုက်ပေါက်ရောက် ပြီးတော့မှ သီးသန့်ပေါက်ရောက်လေ့ ရှိပါတယ်။ ကြီးမားပြီး အမြဲစိမ်းလန်းတဲ့ သစ်မျိုးများဖြစ်တဲ့အပြင် အပင် အမြင့်ဟာ ပေ(၁၀၀)ကနေ(၁၅၀)၊ လုံးပတ်က(၁၀)ပေအထိ ကြီးထွားနိုင်တဲ့ သစ်မျိုးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ အထူးသဖြင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ် အများစု ထင်းရှူးပေါက် စိုက်ခင်းနဲ့ သဘာဝတောများကို တွေ့ရှိရမှာ ဖြစ်သလို၊ ကချင်၊ ကယား၊ ကရင်၊ တနင်္သာရီနဲ့ မန္တလေး၊ ပြင်ဦးလွင်ဒေသ၊ ရခိုင်ရိုးမတောင်တန်းများအပေါ် မှာလည်း အနည်းငယ် တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ပေါက်ရောက်တဲ့ ထင်းရှူးသစ်မျိုးများကို လေ့လာမယ်ဆိုရင် နှစ်ခွထင်းရှူးနဲ့ သုံးခွထင်းရှူးဆိုပြီးတော့မှ ခွဲခြားသိမြင်နိုင်ပါတယ်။ သစ်တောသယံဇာတစာရင်း ကောက်ယူမှုများအရ ခန့်မှန်းထင်းရှူးတော ဧရိယာဟာ ဧက(၈၃၀၉၄၆၂)ဧကရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ဒီ့အပြင် ထူးခြားတာကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ဖောင်းတော ဒေသမှာ ၁၉၁၅ ခုနှစ်က နှစ်ခွထင်းရှူးများကို စိုက်ပျိုးခဲ့ရာမှာ ယခုအခါ ဧက(၄၉၁၁)အထိ ပေါက်ရောက်ရှင်သန်လျက်ရှိတာကို တွေ့ရှိပြီး၊ အထူးစီမံချက်နဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း ကိုလည်း ထည့်သွင်းတင်ပြလိုပါတယ်။ သဘာဝအလျောက်ပေါက်ရောက်နေတဲ့ ထင်းရှူးတောများကို သစ်တောဥပဒေများနဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသလို မူလထင်းရှူးတောများ ပေါက် ရောက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းပြုန်းတီးခဲ့ရတဲ့ ဧရိယာတွေမှာ ထင်းရှူး ပင်များကို စဉ်ဆက်မပြတ် ပေါက်ရောက်ရှင်သန်ပြီး ရေရှည်အသုံးပြုနိုင်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီးမှ ထင်းရှူးစိုက်ခင်းများကို တည်ထောင်စိုက်ပျိုး လျက်ရှိပါတယ်။ ၁၉၈၁ ခုနှစ်ကနေ ၂၀၁၃ ပြည့်နှစ် ထင်းရှူးစိုက်ခင်းပေါင်း (၆၀၉၉၄)ဧကကို တည်ထောင် စိုက်ပျိုး ခဲ့ပါတယ်။ အဲဒီမှာ ရှမ်းပြည်နယ်မှာဆိုရင် (၄၈၇၂၅)ဧက၊ ချင်းပြည်နယ်မှာ (၉၃၀၀)ဧကနဲ့ မန္တလေး တိုင်းဒေသကြီး၊ ပြင်ဦးလွင်မှာ (၂၅၀၀)ဧကအသီးသီး တည်ထောင်ထားရှိပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ သယံဇာတများကို ကာကွယ်ထိန်းသိမ်းရာမှာ မျိုးသုဉ်း ထိခိုက်နိုင်တဲ့ သစ်မျိုးများ၊ ဒေသအလိုက် ထိန်းသိမ်းကာကွယ်ရန် လိုအပ်တဲ့ ရှားပါးသစ်မျိုးများကို တားမြစ်ရာပါသစ်အဖြစ် သတ်မှတ်ဆောင်ရွက်ရပါတယ်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဟာ သစ်တောဦးစီးဌာနက ထိန်းသိမ်းကာကွယ်ရမယ့် တားမြစ်သစ်ပင် အမျိုးအမည်များကို နေရာဒေသ အလိုက် သတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ ထင်းရှူးသစ်မျိုး အပါအဝင် သစ်မျိုး(၂၀)ကို ထိန်းသိမ်းကာကွယ်ရမယ့် တားမြစ်ရာ အပင်များအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ် ကာကွယ်ထားပြီး ဖြစ်ပါတယ်။ သစ်တောဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်မရှိဘဲ ကျွန်း မဟုတ်တဲ့ တားမြစ်သစ်ပင်မှ ထွက်ရှိတဲ့ သစ်ကို ခုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင် လက်ဝယ်ထားရှိခြင်း ပြုလုပ်ပါက မည်သူမဆို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း

ခံရလျှင် ထိုသူအား ငွေဒဏ်ကျပ်(၂၀၀၀၀)အထိဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်အထိ ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ကျခံရမယ်လို့ အတိအလင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ထင်းရှူးသစ်မျိုး အပါအဝင် တားမြစ်သစ်ပင်များနဲ့ ပတ်သက်လို့ တရားမဝင်ခုတ်လှဲထုတ်ယူခြင်း၊ သယ်ယူခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်းကို မပြုနိုင်အောင် အထက်ပါ ဥပဒေက ကာကွယ်တားဆီးပေးထားခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြောင်းလဲနေတဲ့ ခေတ်စနစ်နဲ့အညီ သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်ရာမှာ ထင်းရှူးပင်အပါအဝင် တားမြစ်ရာ အပင်များကို ကာကွယ်တဲ့ သစ်တောဥပဒေပုဒ်မ ၄၂ ကိုလည်း ပိုမိုထိရောက်စေဖို့အတွက် ဒဏ်ကြေးငွေများ တိုးမြှင့်ခြင်း၊ ပြစ်ဒဏ်များတိုးမြှင့်ခြင်းစတဲ့ ပြင်ဆင်ဆောင်ရွက်မှုများကို ထည့်သွင်းစီမံဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါတယ်။ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မည်သည့်မြေမှာမဆို ပေါက်ရောက်တဲ့ သစ်တောဥပဒေအရ ကာကွယ်ထားတဲ့ တားမြစ်ရာပါ သစ်ပင်စာရင်းပါ ထင်းရှူးပင်များကို တရားမဝင် ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ သယ်ယူခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်းစတဲ့ လုပ်ရပ်တစ်ခုခုကို ပြုလုပ်မယ်ဆိုရင် ကျွန်တော်ဖော်ပြခဲ့တဲ့ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နဲ့ စပ်လျဉ်းပြီး ဆက်စပ်တဲ့ ဖြစ်စဉ်သာဓကတစ်ခုကို ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။

ဒါကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်နဲ့ အောင်ပန်းမြို့နယ်တစ်ဝိုက်မှာရှိတဲ့ မိတ္ထီလာ-တောင်ကြီးကားလမ်းတစ်ဝိုက်မှာ ကျွန်တော်တို့ သာမိုင်းခမ်းဒေသ ရှိပါတယ်။ ဒီ သာမိုင်းခမ်းဒေသမှာ ၁၉၉၆ ခု၊ ၉၇ ခုနှစ်က ကလောမြို့ကို ထင်းရှူးမြို့တော်အဖြစ်နဲ့ သတ်မှတ်ပြီးတော့မှ အလေးထား စီမံဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ထင်းရှူးစိုက်ခင်းဧက(၁၀၀) ထူထောင်ထားရှိခဲ့ပါတယ်။ ဒီ ထင်းရှူးစိုက်ခင်း ဧက(၁၀၀)ကို ၂၀၁၀ ခုနှစ်မှာ သက်ဆိုင်ရာ မြို့နယ်အဆင့် တာဝန်ရှိဌာနဆိုင်ရာ ပုဂ္ဂိုလ်တချို့က လန/၃၉ ထုတ်ပေးတဲ့အတွက် အဲဒီ သစ်တောစိုက်ခင်းတွေ တစ်ဝိုက်မှာ အဆောက်အဦတွေ ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးတွေကာရံခြင်း စတဲ့ ခုနက တင်ပြပါကိစ္စ လေးတွေ ဖြစ်ပျက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရက ကျွန်တော်တို့ ဝန်ကြီးဌာနကို အဆင့်ဆင့်တင်ပြပြီးတော့မှ နောက်ဆုံး ဒုတိယသမ္မတဦးစီးတဲ့ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးမှာ တင်ပြပြီး ဒီလုပ်ငန်းရပ်ကို ဥပဒေနဲ့အညီ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ဖို့ ကျွန်တော်တို့ကို ညွှန်ကြားလာတဲ့အတွက် မြေပြင်မှာလည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါတယ်။

ဒါကြောင့် ထင်းရှူးပင်များ ပေါက်ရောက်နေတဲ့ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောများကို ခွင့်ပြုမိန့်မရှိဘဲ ခြံခတ်ခြင်းအပါအဝင် ပုဂ္ဂလိက အကျိုးစီးပွားအတွက် ဆောင်ရွက်မယ်ဆိုရင် သစ်တောဥပဒေနဲ့အညီ အရေးယူခံရမှာဖြစ်သလို ပုဂ္ဂလိကပိုင်ဥယျာဉ်ခြံမြေ၊ ဌာနပိုင် ဧရိယာများအတွင်း ပေါက်ရောက်နေတဲ့ ထင်းရှူးပင်များကို ခွင့်ပြုချက်မရရှိဘဲနဲ့ ခုတ်လှဲထုတ်ယူမယ်ဆိုရင် ကျွန်တော်တို့ တင်ပြပါ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)အရ ထိရောက်စွာ အရေးယူခံရမှာဖြစ်ကြောင်း အသိပေးရှင်းပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ ၁၉၉၆-၁၉၉၇ ခုနှစ်ကစပြီး ထင်းရှူးပင်များကို ယခင်ကထက် ပိုမိုထိန်းသိမ်း စောင့်ရှောက်နိုင်ရန် ကလော၊ လွိုင်လင် စတဲ့ ထင်းရှူး ပေါက်ရောက်တဲ့ ဒေသများကို ထင်းရှူးမြို့တော်များအဖြစ် သတ်မှတ်ပြီး အလေးထားကာကွယ်ခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သစ်တောသယံဇာတစာရင်း ကောက်ယူမှုများအရ ရှမ်းပြည်နယ်မှာ ခန့်မှန်းထင်းရှူးတော (၆၅၄၃၇၃၆)ဧကရှိပြီးတော့မှ ကလောမြို့နယ်မှာ ထင်းရှူးတောဖုံးလွှမ်းမှု (၄၈၁၁၈)ဧကရှိကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ ၁၉၈၁ခုနှစ်မှ ယနေ့အချိန်အထိ ကျွန်တော်တို့ ထင်းရှူးစိုက်ခင်းပေါင်း ဧက (၄၈၇၂၅)ဧက စိုက်ပျိုးခဲ့သလို ကလောမြို့နယ်တစ်ခုတည်းမှာပဲ (၁၆၈၇၈)ဧက စိုက်ပျိုးခဲ့ကြောင်း ဖြည့်စွက်ဖော်ပြလိုပါတယ်။

ထင်းရှူးတော၊ ထင်းရှူးပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း၊ ရှုခင်းနှင့် မျက်စိပသာဒ ရှိပြီးတော့မှ ပြည်သူများ အပန်းဖြေအနားယူနိုင်ခြင်း၊ မြေဆီလွှာပျက်စီးမှုနှင့် ရေတိုက်စားမှုကို ကာကွယ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုပမာဏကို တိုးတက်စေခြင်း၊ စနစ်ကျရန် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေသော ခေတ်မီနည်းပညာများဖြင့် ထင်းရှူးဆီ ထုတ်လုပ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေသလို ဝင်ငွေများ တိုးတက်စေခြင်း၊ ဒေသသုံး သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများကို ရနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သစ်တောမြေ၊ သဘာဝနယ်မြေ၊ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများမှာသာမက ကိုယ်ပိုင်မြေယာ၊ ဥယျာဉ်ခြံမြေများအတွင်းမှာ တည်ရှိတဲ့ ထင်းရှူးတော၊ ထင်းရှူးပင်များကို ဥပဒေအရ အလေးပြုကာကွယ်ခြင်းသာမက ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ မြေပိုင်ဆိုင်သူများမှလည်း အသိတရားပြည့်ဝစွာဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဖြင့် အထက်ဖော်ပြပါ ကျေးဇူးများကို ရရှိခံစားနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သော ဥပဒေများ ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၅၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သော ဥပဒေများရေးဆွဲရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြင့်ကြည် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုး သား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ကျွန်တော် ဂါရဝပြု နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရေနံနဲ့ သဘာဝ ဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သော ဥပဒေများရေးဆွဲရန် အဆိုကို ကျွန်တော် တင်သွင်း သွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဒီအဆိုကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ အခု ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိနေတဲ့ အများပြည်သူတွေကလည်းပဲ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်ပြီးတော့ အခု ဒီ ရေနံ ရှာဖွေရေးမှ အစပေ့ါလေ၊ ဒါတွေကို အလေးထားပြီးတော့ သူတို့ စိတ်ဝင်တစား လေ့လာဆောင်ရွက် နေကြပါတယ်။ နောက်တစ်ချက်ကတော့ ၁၉၆၇ ခုနှစ်မှာ ကျွန်တော်တို့ ကမ်းလွန်ရေနံ မြန်မာနိုင်ငံမှာ ရှာဖွေဖို့ စပြီးသန္ဓေတည်တုန်းက ကျွန်တော့်အနေနဲ့ အဲဒီမှာ တာဝန်ထမ်းဆောင်ဖို့ ရှိခဲ့ပါတယ်။ ဓာတ် သတ္တုရှာဖွေရေး၊ အဲဒီတုန်းကတော့ ဒေါက်တာတင်အေး တို့၊ ဒါတွေ ကျွန်တော်တွဲပြီးတော့ အရင် တုန်းက လေ့လာမှုတွေပြုခဲ့တဲ့ ဒီကျွန်တော့်မှာ ကိန်းအောင်းလျက်ရှိပါတယ်။ ဒါလည်း ပါ ပါတယ်။

ကျွန်တော် ဒီဟာကို တင်ရခြင်းရဲ့ဟာသည် ဒီခေါင်းစဉ်လေးကတော့ ကောင်းတယ်။ ဒီ အဆိုလေးကတော့ ကောင်းတယ်ဆိုတဲ့အနေနဲ့ မဟုတ်ပါဘူးခင်ဗျာ။ နောက် ကျွန်တော်တို့ဆီမှာ ဒီရေနံရှာဖွေရေးပေ့ါ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၀၀၀)ကတည်းက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စပြီးတော့ ရှာဖွေခဲ့တာပါ။ နှစ်ပေါင်း(၁၀၀၀)ဆိုတော့ ၁၈၅၄ခုနှစ် ပတ်ဝန်းကျင်လောက် ကတည်းက ဒါတွေ ရှာဖွေပြီးတော့ ဆောင်ရွက်လာတာပါ။ နှစ်ပေါင်းအတော် ကြာပါပြီ။ ၁၈၇၁ ခုနှစ် လောက်မှာ ကျွန်တော်တို့ ဓနိတောရေနံချက်စက်ရုံ တည်ထောင်တယ်။ တည်ထောင်ပြီးတော့ ရေနံတွေ ချက်တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီအတွေ့အကြုံတွေ အရင့်အရင်ကတည်းက ရှိပြီးသားပါ။ အဲဒီအခါမှာ ကျွန်တော် ပြန်ပြီး တချို့လေ့လာကြည့်တဲ့အခါမှာ ဒီဥပဒေတွေ ရှိပါတယ်။ ဒီနေ့ဒီအချိန်အထိ ကျွန်တော် အသေးစိတ်ဥပဒေတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် တင်ပြခြင်းမပြုတော့ပါဘူး။ သက်ဆိုင်ရာ ကျွန်တော်တို့ ဝန်ကြီးဌာနက ဒီဟာတွေဟာ အကုန်လုံး ကျေညက်ပြီးသားလို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ အဲဒီတော့ အားလုံးပေါင်း(၈)ခုလောက် ရှိပါတယ်။ (၈)ခုလောက်ရှိတဲ့အထဲမှာ တော်တော်များများက ၁၉၃၀ ခုနှစ် Petroleum Act လိုဟာမျိုးဆိုရင် ၁၉၁၈ အဲဒီလောက် နှစ်ထဲက ကြာညောင်းခဲ့ပါပြီ။ အဲဒီတော့ သူတို့ရဲ့ဥပဒေတွေကို ကျွန်တော်တို့ ပြန်လှန်ပြီးတော့ လေ့လာကြည့်လို့ ရပါတယ်။ ကျွန်တော်တို့ ဒီ Burma Code ဒီမှာလည်းပဲ ပါ ပါတယ်။ သို့သော် ဒီဥပဒေတွေဟာ အင်္ဂလိပ်လိုတော့ ရေးထားခြင်း ဖြစ်ပါတယ်။ အင်မတန် ကောင်းတဲ့ဥပဒေတွေပါ။ အဲဒီအချိန်အခါ တုန်းက တည်ရှိနေတဲ့အခြေအနေနဲ့ ဒီနေ့ လက်ရှိအခြေအနေအထိ တော်တော်လေးကို အသုံးတည့် တဲ့၊ ကောင်းတဲ့ဥပဒေတွေ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီနေ့ ကျွန်တော်တို့ ပြောင်းလဲလာတဲ့ သဘာဝအခြေအနေတွေ၊ နေရာ ဒေသ အခြေအနေတွေ နောက် ကျွန်တော်တို့ အာဆီယံတွင်းမှာ ရှိနေတဲ့အခြေအနေတွေကြောင့် ဒီဥပဒေတွေဟာပြင်ဆင်ပြီးတော့ ဆက်လက် သုံးစွဲရန်သင့်တယ်ဆိုတာလည်းပဲ ကျွန်တော့်အနေနဲ့

လေ့လာတွေ့ရှိရပါတယ်။ အာဆီယံ နိုင်ငံထဲမှာရှိနေတဲ့ ရေနံထုတ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း အကုန်လုံးသူတို့ဆီမှာ ဒီ Petroleum Act ဒါမှမဟုတ်လို့ရှိရင်လည်းပဲ Petroleum law ဆိုပြီးတော့ ဒါ ထုတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရေနံရှာဖွေတဲ့အဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေဟာ ဒါနဲ့ အကုန်လုံး ရင်းနှီးပြီးသားဖြစ်ပါတယ်။ စိုးရိမ်စရာ အကြောင်း မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့ ပြည်တွင်းမှာလည်းပဲ အခုလက်ယက်တွင်းတွေနဲ့ ဒီနေရာတော်တော်များမှာ ဆောင်ရွက်နေကြပါတယ်။ လက်ယက်တွင်းတွေနဲ့ ဒီရေနံတွေကို ကျွန်တော် တူးဖော်တယ်။ တူးဖော်ပြီးတော့ ထုတ်ယူတယ်။ သို့သော် အဲဒီမှာလည်းပဲ တချို့ကိစ္စရပ်တွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ မီးလောင်မှုတွေ ဖြစ်တယ်။ ကျွန်တော်တို့ အဲဒီနားမှာရှိနေတဲ့ ဒေသကိုလည်း စိုးရိမ်စရာတွေ ဖြစ်ပေါ်လျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥပဒေတွေကို ပြန်လည်သုံးသပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွက်၊ နောက် အာဆီယံနိုင်ငံထဲမှာရှိနေတဲ့ အာဆီယံနိုင်ငံတွေနဲ့အတူ Petroleum နဲ့ ပတ်သက်တဲ့ ဥပဒေတွေ ရေးဆွဲပြီးတော့ ဆောင်ရွက်သင့်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနကလည်းပဲ ဒါဟာ ကျွန်တော်တို့ လျှို့ဝှက်ထားတာ မဟုတ်ပါဘူး။ အခု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာတော့မယ်ဆိုတော့ ဘယ်အကွက်တွေ၊ လုပ်ကွက်တွေ ပြည်တွင်းမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေ၊ ခုနတုန်းကပဲဖြစ်ဖြစ် ပြည်ပမှာ ရှိနေတဲ့ပုဂ္ဂိုလ်တွေ၊ ဘယ်နေရာမှာ တူးဖော်လို့ရတယ်ဆိုတာ အများကြီးကို ကျွန်တော်တို့က ဒါ အကုန်လုံး ဖော်ပြပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အချိန်အခါမှာ ကျွန်တော်တို့ ခေတ်နဲ့ လျော်ညီတဲ့ အရင်တုန်းက ဥပဒေတွေကို ပြန်လည်သုံးသပ်ပြီးတော့ အစားသွင်းတဲ့ဟာတွေ ကျွန်တော်တို့က သွင်းမယ်၊ ပြုပြင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက်၊ ကျွန်တော်တို့ လူမျိုးအတွက်၊ ကျွန်တော်တို့အားလုံးအတွက် ပိုပြီးတော့ ကောင်းလာမယ်၊ သင့်လျော်မယ်ဆိုတဲ့ အနေအထားအရ အများပြည်သူကလည်းပဲ ဒီဟာတွေကို လိုအပ်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုကို တင်သွင်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဒေါက်တာကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျာ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သော ဥပဒေများရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ကျွန်တော် ဒေါက်တာကျော်သိန်း က ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေရေးအတွက် လိုအပ်သောဥပဒေများ ရေးဆွဲရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေး ရပ်နားကြောင်း နှင့် ဒသမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]